# ဖွဲ့စည်းပုံ အခြေခံဥပဒေအကြောင်း

## ဆွေးနွေးကြစို့



# ဖွဲ့စည်းပုံ အခြေခံဥပဒေအကြောင်း ဆွေးနွေးကြစို့



© မူပိုင်ခွင့် ၂၀၂၁ ခုနှစ် ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့အစည်း International IDEA မှ ထုတ်ဝေသော စာအုပ်စာတမ်းများသည် နိုင်ငံတစ်နိုင်ငံ၏ အကျိုးစီးပွား သို့မဟုတ် နိုင်ငံရေးအကျိုးစီးပွား ကင်းရှင်းပါသည်။ ဤစာအုပ်တွင် ဖော်ပြထားသော ရှုမြင်ပုံများသည် International IDEA အဖွဲ့၊ International IDEA ၏ ဘုတ်အဖွဲ့ သို့မဟုတ် ယင်းအဖွဲ့၏ ကောင်စီဝင်များ၏ ရှုမြင်ပုံများကို ကိုယ်စားပြုသည်ဟု ယတိပြတ် မဆိုနိုင်ပါ။

ဤစာအုပ်ကို ကွန်ပျူတာဖိုင်အနေဖြင့် Creative Commons Attribute-NonCommercial-ShareAlike 3.0 (CC BY-NC-SA 3.0) licence ဖြင့် ရယူနိုင်ပါသည်။ စီးပွားဖြစ်လုပ်ဆောင်ခြင်း မဟုတ်လျှင်၊ ဤမူရင်း စာအုပ်ကို သင့်တင့်လျောက်ပတ်စွာ ရည်ညွှန်းဖော်ပြလျက် ကူးယူခြင်း၊ ဖြန့်ချီခြင်း၊ ပေးပို့ခြင်း၊ စာသားများ ပြန်လည်စီစဉ်ခြင်း၊ ဆီလျော်အောင် ပြင်ဆင်ခြင်းများ ပြုလုပ်နိုင်ပါသည်။ ယင်းတို့ ပြုလုပ်ဖြန့်ဝေမည်ဆိုပါက ဤခွင့်ပြုချက်လိုင်စင်ကိုပင် အသုံးပြု၍ ဖြန့်ဝေရန်ဖြစ်ပါသည်။ ဤခွင့်ပြုချက်လိုင်စင်အကြောင်းထပ်မံ သိရှိလိုပါက Creative Commons website <http://creativecommons.org/licenses/by-ncsa/3.0/>
တွင် လေ့လာနိုင်ပါသည်။

International IDEA
စတွန်းစ်ဘော့ဂ်
SE - ၁၀၃၊ ၃၄ စတော့ဟုမ်း
ဆွီဒင်
ဖုန်းနံပါတ် - + ၄၆၈ ၆၉၈၃၇၀၀
အီးမေးလ် - info@idea.int
ဝဘ်ဆိုဒ် - <http://www.idea.int>

International IDEA Myanmar
အီးမေးလ် - myconstitution@idea.int

ဓာတ်ညွှန်းရေးသူ - Charmaine Rodrigues
ကာတွန်းဆရာ - ကာကြီး
မျက်နှာဖုံးဒီဇိုင်း - ကာကြီး

ISBN: 978-91-7671-456-0 (Print)
ISBN: 978-91-7671-457-7 (PDF)
DOI: <https://doi.org/10.31752/idea.2021/74>

# ကျေးဇူးတင်လွှာ

ကျွမ်းကျင်ပညာရှင်မဟုတ်သည့် စာဖတ်သူများနှင့် လူငယ်စာဖတ်ပရိတ်သတ်များအတွက် လွယ်လွယ်ကူကူနှင့် စိတ်ဝင်စားဖွယ်ရာကောင်းသော စာအုပ်တစ်အုပ်အဖြစ် 'ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်း ဆွေးနွေးကြစို့' ကာတွန်းစာအုပ်ကို ဖန်တီးထုတ်ဝေရာတွင် ပါဝင်ဆောင်ရွက်ခဲ့သူများ အားလုံးကို ကျေးဇူးတင်ရှိပါသည်။

အထူးသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အကြောင်းအရာများကို စိတ်ဝင်စားဖွယ်ရာ အချက်အလက်များဖြင့် ဇာတ်လမ်းတစ်ပုဒ်ပမာ ပေါ့ပေါ့ပါးပါး ဖတ်ရှုရလွယ်ကူစေရန် ရေးသားပေးခဲ့သည့် ဇာတ်ညွှန်းဆရာမ Charmaine Rodrigues ကို ကျေးဇူးတင်ရှိပါသည်။ ထို့ပြင် မြန်မာနိုင်ငံ၏ ရုပ်ထွေးလှသော ယဉ်ကျေးမှုသဘောတရားများကို ပေါ်လွင်ထင်ဟပ်စေသည့် ဇာတ်ကောင်များ၏ သရုပ်ကို အစွမ်းကုန် ဖန်တီးရေးဆွဲပေးမှုတို့အတွက် ကာတွန်းဆရာ ကိုကာကြီးကိုလည်း ကျေးဇူးများစွာတင်ရှိပါသည်။

'ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်း ဆွေးနွေးကြစို့' ကာတွန်းစာအုပ်၏ အပြင်အဆင်၊ အခင်းအကျင်းနှင့် ဒီဇိုင်းပုံစံများတွင် မေထွဋ်ပန်မိုးနှင့် အိပ္ပင့်ရှီဖ် တို့၏ အားစိုက်ဆောင်ရွက်ပေးခဲ့မှုများအားလည်း အသိအမှတ်ပြုပါသည်။ ထုတ်လုပ်ရေးလုပ်ငန်းစဉ်တလျှောက် သူမတို့၏ အရေးပါသည့် ပံ့ပိုးမှုများ၊ အကြံပြုချက်များနှင့် စိတ်ရှည်မှုများအတွက်လည်း ကျေးဇူးတင်ပါသည်။

ထပ်မံ၍ကျေးဇူးအထူးတင်ရှိရမည့်သူများမှာ 'ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်း ဆွေးနွေးကြစို့' ကာတွန်းစာအုပ် မူကြမ်းရေးဆွဲရေးလုပ်ငန်းစဉ်တလျှောက် ထဲထဲဝင်ဝင်ပါဝင်ခဲ့ကြသည့် MyConstitution အစီအစဉ်မှ လုပ်ဖော်ကိုင်ဖက်များအားလုံးပင် ဖြစ်သည်။ အထူးသဖြင့် ကာတွန်းစာအုပ်ရေးဆွဲရန် စုပေါင်းအားဖြင့် အကြံဉာဏ်များစုစည်းရာတွင်သော်လည်းကောင်း၊ ဇာတ်ညွှန်းစာသားရေးသားရာတွင်သော်လည်းကောင်း၊ မတူကွဲပြား စုံလင်သည့် နောက်ခံသမိုင်း၊ ဒေသခံလူမှုယဉ်ကျေးမှုတို့နှင့် လိုက်လျော်ညီထွေ ထင်ဟပ်မှု ရှိစေရန် အထပ်ထပ်အခါခါ ပြန်လည်ဆန်းစစ်မှုများပြုလုပ်ရာတွင်သော်လည်းကောင်း၊ လူငယ်များအတွက် အသုံးဝင်စေမည့် စာအုပ်ဖြစ်စေရန် ဂရုပြုဆောင်ရွက်ရာတွင်သော်လည်းကောင်း အဖွဲ့သားများမှ အားစိုက်ထုတ်ဆောင်ရွက်ခဲ့ပါသည်။ ထို့ကြောင့် ကာတွန်းစာအုပ်အား ယခုကဲ့သို့ ကောင်းမွန်စွာ ရေးသားထုတ်ဝေရာတွင် စုပေါင်းဆောင်ရွက်မှုအားနှင့် MyConstitution အဖွဲ့သားများ၏ အခန်းကဏ္ဍမှာ အထူးအရေးပါလှပါသည်။

နောက်ဆုံးအနေဖြင့် ဤကာတွန်းစာအုပ်ထုတ်ဝေနိုင်ရန် ပံ့ပိုးပေးခဲ့ကြသည့် နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန၊ လူဇင်ဘာ့ခ်နိုင်ငံ၊ ဖင်လန်နိုင်ငံနှင့် ဆွီဒင်နိုင်ငံအစိုးရတို့အားလည်း ကျေးဇူးတင်အပ်ပါသည်။ ၎င်းတို့၏ ပံ့ပိုးကူညီမှုမရှိပါက ဤကာတွန်းစာအုပ် ထုတ်ဝေရန်သော်လည်းကောင်း MyConstitution အစီအစဉ်အား ဆောင်ရွက်ရန်လည်းကောင်း ဖြစ်နိုင်မည်မဟုတ်ပေ။







ဆရာမက သားတို့သမီးတို့ကို ကြီးလာရင် ဘာတွေဖြစ်ချင်တာလဲဆိုတာ သိချင်နေတာကြာပြီ။
သားက ရဲ ဖြစ်ချင်တယ် ...
သမီးက ဆရာဝန် လုပ်မယ် ...
သားကတော့ လယ်သမားကြီး လုပ်မယ် ...
သမီးက သမ္မတ လုပ်မယ် ...
ဖွဲ
ဝတ်မှုန်
ပိုင်ပိုင်
ဆိုဖီယာ


စိတ်ဝင်စားစရာကောင်းလိုက်တာ သမီး ဆိုဖီယာ။ သမီးက ဘာဖြစ်လို့ သမ္မတဖြစ်ချင်တာလဲ ဆရာမကို ပြောပြပါအုံး။
သူကလူတွေကို ဘာလုပ်ပါဆိုပြီး ခိုင်းချင်လို့ နေမှာပေါ့ ဆရာမ
နင်က အဲဒါလုပ်
သူက ဒါလုပ်
မဟုတ်ဘူးဆရာမ ... သမီးသမ္မတဖြစ်ချင်တာက လူတွေရဲ့ ဘဝတွေကို ပိုကောင်းအောင် လုပ်ချင်လို့။


ဒါပေမယ့် ဆရာမ ...
သူက သမ္မတလုပ်လို့ ရလို့လား။
သူက မိန်းကလေးလေ။
ပြီးတော့ သူက အရမ်းလည်း
ငယ်သေးတယ် ...
အဲဒါအရမ်းကောင်းတဲ့
မေးခွန်းပဲ ဗွဲ ...
အဲဒီမေးခွန်းရဲ့အဖြေကို သားတို့သမီးတို့
ဘယ်မှာရှာလို့ရလဲ သိကြလား။
အွန်
ဟင်
ဟာ
အဲ

## ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်း ဆွေးနွေးကြစို့




ကောင်းပြီ။ ပြောရမယ်ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာက
ဆရာမတို့နိုင်ငံရဲ့ အခြေခံတည်ဆောက်ပုံနဲ့ တူတယ်။
ဆရာမတို့ အိမ်တစ်အိမ်ဆောက်မယ်ဆိုရင် အိပ်ခန်းက ဘယ်နှစ်ခန်းပါမယ်၊ မီးဖိုချောင်နဲ့ ရေချိုးခန်းကဘယ်နားမှာ၊ ပြီးရင် အိမ်ကို အုတ်နဲ့ဆောက်မှာလား သစ်သားနဲ့ဆောက်မှာလား စသဖြင့် ဆောက်မယ့် ပုံစံအသေးစိတ် သိဖို့လိုတယ် မဟုတ်လား ...
ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာက အဲဒီလိုဘဲ ... ဆရာမတို့နိုင်ငံကို ဘယ်လိုဖွဲ့စည်းမယ်၊ ဘယ်သူက နိုင်ငံကို ဦးဆောင်မယ်၊ ပြီးတော့အဲဒီလူတွေနဲ့ အဖွဲ့တွေ ဘယ်လိုပြောကြဆိုကြ၊ အပြန်အလှန် ဆက်သွယ်ကြရမယ် ဆိုတာတွေကို ပြောပြထားတယ်။ ပြီးတော့ သူတို့တွေက ဆရာမတို့ပြည်သူလူထုအတွက် ဘယ်လို အလုပ်လုပ်မလဲဆိုတာကိုလည်း ရှင်းပြပေးထားတယ်။



ဆရာမက သမီးတို့နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တခြားဥပဒေတွေကို ကြည့်ရမယ်လို့ ပြောတယ်။ ဒါပေမဲ့ ဥပဒေဆိုတာဘာလဲ ဆရာမ။


ဥပဒေတွေဆိုတာက ဆရာမတို့နိုင်ငံမှာရှိတဲ့ လူတိုင်းကို ဘာတွေကလုပ်လို့ရတယ် ဘာတွေကလုပ်လို့ မရဘူး ဆိုပြီးတော့ ပြောထားတဲ့ စည်းကမ်းတွေလိုမျိုးပေါ့ ...
ဥပဒေတွေကို ဆရာမတို့အားလုံးက လိုက်နာကျင့်သုံးရသလို သမ္မတကလည်းအဲဒီအတိုင်းလိုက်နာရမှာဖြစ်တယ်။


ဒါပေမဲ့ အဲဒီဥပဒေဆိုတာက ဘယ်ကနေ ရောက်လာတာလဲဆရာမ။
သားတို့သမီးတို့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကြည့်ရင် ဥပဒေဆိုတာ ဘယ်ကနေလာပြီးတော့ ဘယ်သူတွေကလုပ်သလဲဆိုတာ ပြောထားလိမ့်မယ်။
ဥပဒေကို ဘယ်သူလုပ်သလဲဆိုတာ သားတို့ သမီးတို့ထဲက တစ်ယောက်ယောက်ရှာတွေ့လား။
သမီးတွေ့တယ် ဆရာမ ... သမီးတို့ရဲ့လွှတ်တော်က ဥပဒေတွေကို လုပ်တာဆိုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေက ပြောထားတယ်။


'လွှတ်တော်' ဆိုတာ ဘာကို ပြောတာလဲ ဆရာမ။
ကမ္ဘာမှာရှိတဲ့နိုင်ငံအများစုမှာ လွှတ်တော်ဆိုတာ ရှိကြတယ်ကွယ့်… လွှတ်တော်အမတ်တွေဆိုတာ တစ်နိုင်ငံလုံးနေရာအနှံ့ကနေ ရောက်လာကြပြီးတော့ ဆရာမတို့ပြည်သူလူထုအတွက်အရေးကြီးတဲ့ အကြောင်းတွေကို ဆွေးနွေးကြတယ်။ သူတို့က လွှတ်တော်မှာ အခြေအတင်ငြင်းခုံပြီး ဥပဒေတွေကို ရေးဆွဲပြဌာန်းကြတယ်လေ …


နောက်ပြီးတော့ လွှတ်တော်အမတ်တွေက အစိုးရအဖွဲ့ဝင်တွေ အလုပ်ကို ကောင်းကောင်း လုပ်ကြဖို့ကိုလည်း စောင့်ကြည့်ရတယ်။ လွှတ်တော်မှာ အစိုးရကိုမေးခွန်းတွေ မေးပြီး ပြည်သူ့ဘဏ္ဍာငွေတွေကို ကောင်းကောင်း သုံး၊ မသုံးတောင် စစ်လေ့ရှိကြတယ် ...
'အစိုးရ' ဆိုတာဘာလဲ ဆရာမ။
ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံတွေအားလုံးမှာ အစိုးရဆိုတာ ရှိတယ်။ အဲဒီအစိုးရတွေကို နိုင်ငံကို အုပ်ချုပ်မယ့်လူတွေ စုပေါင်းပြီး ဖွဲ့ထားတယ်ကွယ့်။ အစိုးရဆိုတာက ဆရာမတို့ အားလုံး လုံလုံခြုံခြုံနေရဖို့နဲ့ ကျောင်းတို့၊ ဆေးရုံတို့လိုမျိုး အခြေခံ လိုအပ်ချက်တွေ အားလုံးရဖို့အတွက် လုပ်ပေးကြရတယ်။ ဥပမာဆိုရင် ဆရာမတို့ကို ကာကွယ်ပေးမယ့် ရဲတပ်ဖွဲ့နဲ့ တပ်မတော်ကို ထားရှိဖို့ လုပ်ရတယ်။
ကခဂဃင
ABCDE
123456


ဒါကြောင့် သမီးကသမ္မတဖြစ်ချင်တာ ဆရာမ ...
ဘာဖြစ်လို့လဲဆိုတော့ သမ္မတက အစိုးရရဲ့အကြီးဆုံး - ဟုတ်တယ် မဟုတ်လား ဆရာမ။
သမီးသာ အစိုးရရဲ့ အကြီးဆုံးဖြစ်ရင် လူတွေအားလုံးအတွက် ကောင်းမယ့်ဟာတွေ
လုပ်ပေးနိုင်မှာ။
အဲဒါဟုတ်လို့လားဆရာမ။
သားကြားဖူးတာက အစိုးရရဲ့အကြီးဆုံးဆိုတာ
ဝန်ကြီးချုပ်တဲ့ - သမ္မတမဟုတ်ဘူး။



နိုင်ငံတိုင်းမှာ
သူ့တို့နိုင်ငံရဲ့အစိုးရကို
ဦးဆောင်မယ့်သူတွေကို ခေါ်တဲ့ နာမည်တွေက
မတူဘူးလေ ...


ဟုတ်လား
ဆရာမ ...
ဟုတ်တယ်ကွယ့် ...
တချို့နိုင်ငံတွေမှာ သူတို့အစိုးရရဲ့ အကြီးအကဲဖြစ်တဲ့
သမ္မတ တစ်ယောက် ရှိကြတယ် ...


တချို့နိုင်ငံတွေမှာကြတော့
သူတို့အစိုးရရဲ့အကြီးအကဲဖြစ်တဲ့
ဝန်ကြီးချုပ်တစ်ယောက် ရှိကြတယ် ...
သမ္မတပဲထားထား ဝန်ကြီးချုပ်ပဲထားထား
ဒီနှစ်မျိုးစလုံးမှာ သူတို့ကို ကူညီမယ့်
ကျန်းမာရေး၊ သို့မဟုတ် ပညာရေး
သို့မဟုတ် စီးပွားရေးစတဲ့ ကိစ္စ
အသီးသီးတွေကို တာဝန်ယူပြီးလုပ်ပေးရတဲ့
ဝန်ကြီးတွေ ရှိကြတယ် ...
တချို့နိုင်ငံမှာဆို သမ္မတနဲ့ဝန်ကြီးချုပ်
နှစ်ယောက်စလုံးတောင် ရှိနေပြန်ရော ...
နိုင်ငံတိုင်းမှာ အဲဒီလိုမတူညီတဲ့
လူတွေနဲ့အဖွဲ့တွေ အတူတကွ
အလုပ်လုပ်ကြတဲ့ မတူတဲ့
စနစ်ပုံစံတွေ ရှိကြတယ် ...
တချို့နိုင်ငံမှာက သမ္မတ ဒါမှမဟုတ် ဝန်ကြီးချုပ်နဲ့ ဝန်ကြီးတွေက
လွှတ်တော်အထဲမှာ ဆွေးနွေးဖို့ သွားထိုင်ရတယ်။ တချို့နိုင်ငံမှာတော့
အစိုးရက လွှတ်တော်နဲ့က သတ်သတ်စီ ရှိနေရတယ် ...


အဲဒီတော့ နာမည်ကအရေးမကြီးဘူးကွယ့်၊ သားတို့ သမီးတို့ ... ပိုအရေးကြီးတာက ဆရာမတို့ရဲ့ ခေါင်းဆောင်တွေက ဘာတွေ လုပ်ကြတယ်၊ သူတို့ကို ဘယ်လို ရွေးချယ်ထားတယ်၊ သူတို့ ဘယ်လို အတူတူ အလုပ်လုပ်ကြတယ်ဆိုတာနဲ့ သူတို့တွေ နိုင်ငံအတွက် မှန်ကန်တဲ့အလုပ်တွေကိုပဲ လုပ်ကြဖို့ ဆရာမတို့ ပြည်သူတွေက ဘယ်လိုလုပ်လို့ရလဲ ဆိုတာတွေပဲ။
အဲဒါဘာကိုပြောတာလဲဆရာမ။ သားက သမ္မတနဲ့ အစိုးရဆိုတာ သူတို့ လုပ်ချင်တာ ဘာမဆိုလုပ်လို့ ရတယ်လို့ ထင်ထားတာလေ ...
မဟုတ်ဘူးကွယ့် ... အဲဒါ လုံးဝမမှန်ဘူး။ သမ္မတနဲ့ သူရဲ့အစိုးရက နိုင်ငံကို ကောင်းတဲ့ နည်းလမ်းတွေနဲ့ အုပ်ချုပ်ရမယ် ဆိုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားဖို့ လိုတယ်။ အဲဒီမှာ အစိုးရက ဘာတွေ လုပ်လို့ရတယ်၊ ဘာတွေက လုပ်လို့မရဘူး ဆိုပြီး ပြောထားတယ်။


ဖွဲ့စည်းပုံအခြေခံဥပဒေက အစိုးရအနေနဲ့ မှန်ကန်တဲ့ အလုပ်တွေကို လုပ်ရအောင်လို့ တခြားအဖွဲ့တွေကိုလည်း ဖွဲ့ထားသေးတယ် ...
တချို့နိုင်ငံမှာဆိုရင် လွှတ်တော်က အစိုးရလုပ်နေတဲ့ အလုပ်ကို တားဆီးလို့ ရတဲ့ အာဏာတွေရှိတယ်။
ဟုတ်လားဆရာမ ... အဲဒါဆို လွှတ်တော်က သမ္မတ ဒါမှမဟုတ် ဝန်ကြီးချုပ်တွေနဲ့ သဘောမတူလို့ ရတာပေါ့နော်။
သမီး ဆိုဖီယာပြောတာ မှန်တယ် ... ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဘယ်လို ပြောထားတယ်ဆိုတဲ့ အပေါ်မှာ မူတည်တယ်။ နိုင်ငံကောင်းဖို့အတွက် လွှတ်တော်ကနေ သဘောတူထားတဲ့ အလုပ်တွေကိုပဲ သမ္မတအနေနဲ့ လုပ်ဖို့ လွှတ်တော်မှာ အာဏာတော်တော်များများ ရှိနိုင်တယ်။


နိုင်ငံအများစုမှာ အစိုးရက ဖွဲ့စည်းပုံအခြေခံ
ဥပဒေနဲ့ တခြားဥပဒေတွေကို လိုက်နာစေဖို့အတွက်
တရားရုံးတွေက လုပ်ပေးတယ်။
'တရားရုံး' ဆိုတာ
ဘာလဲ ဆရာမ။
တရားရုံးတွေက သမ္မတနဲ့အစိုးရအပါအဝင် တစ်ယောက်ယောက်က
စည်းမျဉ်းစည်းကမ်းတွေကို ချိုးဖောက်မှုရှိ၊ မရှိ ဆုံးဖြတ်ပေးရတယ်။


ဆရာမတို့နိုင်ငံမှာဆိုရင် စည်းမျဉ်းစည်းကမ်းတွေကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တခြားဥပဒေတွေမှာ တွေ့ရမှာ ဖြစ်တယ်။
သား နားမလည်ဘူးဆရာမ ...
ကောင်းပြီ။ သားဘောလုံးကစားတဲ့အခါ လိုက်နာရမယ့် စည်းမျဉ်းတွေ ရှိတယ်လေ။ ဥပမာအားဖြင့် တခြားကစားသမားတွေကို တိုက်ခိုက်တာ မလုပ်ရဘူး၊ ဘောလုံးကို သားရဲ့လက်နဲ့ ကိုင်လို့ မရဘူး၊ ထိလို့မရဘူး။ သားက ဒီစည်းကမ်းတွေကို မလိုက်နာဘူးဆိုရင် ...
ARA BANK
Beautiful...
KWEE ®
BU THEE
WIN
HEY! YO!
ဒိုင်လူကြီးဆီက ပြစ်ဒဏ်ဘောပေးတာ ခံရနိုင်တယ်။ တရားရုံးဆိုတာလည်း ဒိုင်လူကြီးလိုပဲကွယ့် ... လူတွေအနေနဲ့ တစ်ယောက်ယောက်က ‘စည်းမျဉ်းစည်းကမ်းတွေ’ ကို မလိုက်နာဘူးလို့ ထင်ရင် သူတို့က တရားရုံးကို သွားကြတယ်။
ပြီးတော့ ‘ဒိုင်လူကြီး’ တွေရဲ့ ဆုံးဖြတ်ချက်ချပေးတာကို လိုချင်ကြတယ်။


သားအနေနဲ့ ဘောလုံးက ဂိုးထဲဝင်သွားပြီလို့ ထင်ပေမယ့် တခြားအသင်းက ဂိုးတိုင်နဲ့ပဲ ထိတယ်ဆိုပြီး ထင်နေတာမျိုးပေါ့ ...
ဟုတ်လား ဆရာမ ... အဲဒါက အပြင်မှာ ဘယ်လိုလုပ်တာလဲ။
ကောင်းပြီ ... တရားရုံးမှာဒိုင်လူကြီးလိုပဲ ဆုံးဖြတ်ချက်ချပေးတဲ့ တရားသူကြီးတွေ ရှိကြတယ်။ နှစ်ဖက်စလုံးက သူတို့မှန်တယ်လို့ ဘာကြောင့် ထင်တာလဲ ဆိုတာကို တရားသူကြီးတွေကို ပြောပြရတယ်။ တရားသူကြီးက ဥပဒေမှာ ပြောထားတာကို ကြည့်ပြီး ဥပဒေထဲက အတိုင်း ဆုံးဖြတ်ချက်တစ်ခု ချမှတ်ရတယ်။ အဲဒီဆုံးဖြတ်ချက်ကို သမ္မတနဲ့ အစိုးရကတောင် လိုက်နာဖို့ လိုတယ်။



အဲဒါဆို သားဒိုင်လူကြီး ဖြစ်ချင်တယ်။
ဖွဲ့က တရားသူကြီးဖြစ်ချင်တာကို ပြောတာလို့ ထင်တယ်။ ဒါဆို နင်က တရားသူကြီး ဖြစ်ချင်တာပေါ့ ...
အစိုးရက ဖွဲ့စည်းပုံမှာ ခွင့်ပြုမထားတဲ့အရာ တစ်ခုခုကို လုပ်မိပြီဆိုရင် တရားရုံးတွေက အစိုးရကို ပြောလို့ ရတယ် ... နောက်ပြီးတော့ ဆရာမတို့ သားတို့သမီးတို့လို လူတွေအနေနဲ့ အစိုးရက အလုပ်တွေကို ကောင်းကောင်း မလုပ်ဘူး ဒါမှမဟုတ် နိုင်ငံအတွက် မှန်ကန်တဲ့အလုပ်တွေ မလုပ်ဘူးလို့ ထင်ရင် နောက်ရွေးကောက်ပွဲမှာ အဲဒီအစိုးရ ထွက်သွားရအောင်လည်း ဆန္ဒမဲပေးနိုင်တယ်။


ရွေးကောက်ပွဲတွေ ...
မြန်မြန်ရောက်ချင်လိုက်တာ။
ဆရာမတို့နိုင်ငံအပါအဝင် နိုင်ငံအများစုမှာ အသက် ၁၈ နှစ်ပြည့်ပြီးတဲ့သူတွေက လွှတ်တော်မှာ ကိုယ့်ကို ကိုယ်စားပြုမယ့် ကိုယ်စားလှယ်တွေကို ရွေးပေးရတယ်။
တစ်ခါတလေဆိုရင် သမ္မတ ဒါမှမဟုတ် ဝန်ကြီးချုပ်ဖြစ်လာမယ့် သူကိုတောင် ရွေးပေးရတယ်။ အဲလိုရွေးတာကို သတ်မှတ်ထားတဲ့နှစ်အလိုက် ကျင်းပလေ့ရှိတဲ့ ရွေးကောက်ပွဲမှာ ဆန္ဒမဲပေးပြီး ရွေးနိုင်တယ်။ သားတို့သမီးတို့အနေနဲ့ ကိုယ့်ရဲ့ အစိုးရနဲ့လွှတ်တော်တွေ လုပ်တာကို သဘောကျတယ်ဆိုရင် သူတို့ကို နောက်တစ်ကြိမ် မဲပေးနိုင်တယ်။ ဒါပေမဲ့ သူတို့လုပ်တာကို မကြိုက်ဘူးဆိုရင်တော့ တခြားလူကို ရွေးလို့ရတယ် ...


‘ဆန္ဒမဲ’ ဆို
တာ ဘာလဲ ဆရာမ။
ဆန္ဒမဲပေးတယ်ဆိုတာက နင့်ကို ကိုယ်စားပြုမယ့်
သူကို ရွေးတာကိုပြောတာ။ ငါတို့တွေ
ငါတို့ရဲ့ကျောင်းသားကောင်စီ ကိုယ်စားလှယ်တွေကို
နှစ်တိုင်း မဲပေးရွေးရသလိုမျိုးလေ။
မဲရုံကိုသွားပြီး နင်ရွေးချင်တဲ့သူရဲ့နာမည် ဘေးမှာ
အမှန်ခြစ်ပေးလိုက်ရုံဘဲ။
အဲဒါကို ‘ရွေးကောက်ပွဲ’ လို့ခေါ်တယ် ...
ဆရာမ ...
နိုင်ငံရေးပါတီတွေက ရွေးကောက်ပွဲမှာ
ဘယ်လို ပါကြတာလဲဟင် ...
သမီးက ကြားတော့ ကြားဖူးပေမယ့် သူ
တို့ ဘာလုပ်လဲဆိုတာ မသိဘူး။
COMIC
STORY


နိုင်ငံရေးပါတီဆိုတာက လွှတ်တော် ဒါမှမဟုတ် ဒေသန္တရအစိုးရမှာ ရွေးခံချင်တဲ့ လူတွေကို စုစည်းပေးထားတာ။ နိုင်ငံကို ဘယ်လိုပုံစံနဲ့ အုပ်ချုပ်သင့်တယ်ဆိုပြီး တူညီတဲ့ စိတ်ကူးရှိတဲ့ လူစုပြီး ရွေးကောက်ပွဲမှာ အရွေးခံရဖို့ ကြိုးစားကြတယ်။ အဲဒါမှ အစိုးရ ဒါမှမဟုတ် လွှတ်တော်မှာ သူတို့တွေ အတူတူ အလုပ်လုပ်နိုင်ကြမှာပေါ့။
ပန်းသီးပါတီ
လိမ္မော်သီးပါတီ
ငှက်ပျောသီးပါတီ


စာပေဆိုတာ အနီးဆုံး လူ့မိတ်ဆွေ
ရွေးကောက်ပွဲဆိုတာ အားလုံးက သမီးကို သမ္မတဖြစ်ဖို့ ရွေးချယ်ပေးတာလား။
အဲဒီလိုလည်းမဟုတ်သေးဘူး သမီးဆိုဖီယာ ... ဆရာမတို့နိုင်ငံမှာ သမ္မတကို တိုက်ရိုက် မဲမပေးဘူးကွယ့် ..
ဟုတ်လားဆရာမ ...


ဟုတ်တယ် သားတို့ သမီးတို့ရေ။ ဆရာမတို့နိုင်ငံမှာ သားတို့ သမီးတို့က လွှတ်တော်မှာ ကိုယ့်ကို ကိုယ်စားပြုမယ့်သူကို မဲပေးရမယ်။ ပြီးတော့မှ လွှတ်တော်မှာရှိတဲ့သူတွေက သမ္မတဖြစ်မယ့်သူကို ရွေးချယ်ရတာ ...
‘ကိုယ်စားပြုတယ်’ ဆိုတာ ဘာလဲ ဆရာမ
ကိုယ်စားပြုတယ်ဆိုတာက အဲဒီကိုယ်စားလှယ်တွေ နင်တို့ဒေသမှာ ရှိတဲ့လူတွေရဲ့ အရေးကြီးတယ်လို့ ထင်တဲ့ ကိစ္စတွေကို သိအောင် အရင်လုပ်ရတယ်။ ပြီးရင် အဲ့ဒီ အချက်တွေကို လွှတ်တော်မှာ ဆွေးနွေးဖို့အတွက် သုံးကြတယ်။


ဆရာမ၊ သမီးဖတ်ဖူးတာက တချို့နိုင်ငံတွေမှာ နိုင်ငံရဲ့မတူတဲ့ဒေသတွေအတွက် သီခြားအစိုးရနဲ့ လွှတ်တော်တွေ ရှိတယ်ဆို ... အဲဒါမှန်လားဆရာမ။
အဲဒါဖြစ်နိုင်တယ်ကွယ့်။ တချို့နိုင်ငံတွေမှာ ပြည်ထောင်စုအစိုးရနဲ့ လွှတ်တော်တွေရှိသလို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာလည်း သူတို့ အစိုးရတွေနဲ့ လွှတ်တော်တွေ ရှိကြတယ်။
အဲဒါက ‘ဖက်ဒရယ်စနစ်’ လို့ ခေါ်တဲ့ဟာလား ဆရာမ။
အင်း ... အဲဒါက ဖက်ဒရယ်စနစ်ရဲ့ လက္ခဏာတစ်ရပ်ပဲကွယ့်။ ဒါပေမဲ့ တခြားလက္ခဏာတွေ အများကြီးရှိသေးတယ်။
ဘယ်လိုမျိုးလဲ ... ဆရာမ။


နိုင်ငံတချို့မှာဆိုရင် လွှတ်တော်နှစ်ရပ် ရှိကြတယ်။ များသောအားဖြင့် လွှတ်တော်တစ်ရပ်က တိုင်းဒေသကြီး ဒါမှမဟုတ် ပြည်နယ်တွေကို ကိုယ်စားပြုဖို့ ဖြစ်တယ်။ တခြားလွှတ်တော်တစ်ရပ်က တစ်နိုင်ငံလုံးအတွက် ကိုယ်စားပြုတယ်။
အထက်လွှတ်တော်
အောက်လွှတ်တော်


တချို့နိုင်ငံတွေက မတူညီတဲ့ အစိုးရအဆင့်ရှိတာကို ပိုပြီးကြိုက်ကြတယ်။
ဘာလို့လဲ ဆိုတော့ ရပ်ရွာအဆင့်အုပ်ချုပ်သူတွေက အဲ့ဒီဒေသက လူတွေနဲ့
ပိုနီးနီးကပ်ကပ်ရှိပြီး ဒေသရဲ့လိုအပ်ချက်ကိုလည်း ပိုနားလည်ကြတယ်လေ။
ဥပမာပြောရရင် ဒေသဆိုင်ရာ အစိုးရ ဒါမှမဟုတ် လွှတ်တော်
အဖွဲ့ဝင်တွေက သားတို့သမီးတို့ရဲ့ ဒေသပတ်ဝန်းကျင်မှာ
ကျောင်းအသစ်တို့၊ ဆေးရုံတို့၊ လမ်းတို့၊ ကစားကွင်းတို့ လိုအပ်လား၊
မလိုအပ်ဘူးလားဆိုတာ ပိုပြီး ကောင်းကောင်းသိတာကိုး ...
ဆေးရုံသစ်


ဒါဆို သမီးက
သမီးရဲ့ဒေသမှာသမ္မတဖြစ်ချင်တယ်။
ကောင်းတယ် သမီးဝတ်မှုန်ရေ ...
ဒါက နိုင်ငံကို ဖက်ဒရယ်နိုင်ငံအဖြစ်
သတ်မှတ်နိုင်ဖို့ ဘာလုပ်ရတယ်ဆိုတဲ့
ဥပမာနည်းနည်းပဲ ရှိသေးတယ်ကွယ့်။
ဒီအကြောင်းကို ဆရာမတို့ရဲ့
နောက်အတန်းမှာ ပြောရအောင်နော် ...
သမီးဆိုဗီယာအနေနဲ့ သမ္မတမဖြစ်ခင် အစိုးရတွေ လက်တွေ့မှာ
ဘယ်လို အလုပ်လုပ်တယ်ဆိုတာ ပိုသိနိုင်ဖို့ ဒေသန္တရအစိုးရမှာ
သမီးအရင် ပါဝင်နိုင်တယ် ...
ဒါပေမဲ့ ဆရာမ။
ဆိုဗီယာက ကောင်မလေး ငယ်ငယ်လေးပဲ ရှိသေးတာ။
သူကရွေးကောက်ပွဲမှာ ပါနိုင်မှာမို့လို့လား။


ပိုင်ပိုင်ရေ ...
ဆရာမတို့ရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေမှာ လူတိုင်းလူတိုင်းဟာ တန်းတူဖြစ်ပြီး တစ်ယောက်နဲ့ တစ်ယောက်တူညီတဲ့ အခွင့်အရေးတွေ ရှိတယ်လို့ ပြောထားတယ်။ ယောကျ်ားလေးဒါမှမဟုတ် မိန်းကလေးဖြစ်လို့ ဆိုတာနဲ့ပဲ မတူတဲ့ပုံစံနဲ့ ဆက်ဆံလို့မရဘူး။


ဟုတ်တယ်ပိုင်ပိုင်။ ငါတောင် သိတယ် ...
ငါက မိန်းကလေးမို့လို့ ငါ့ကို သမ္မတမဖြစ်အောင် လုပ်မယ်ဆိုရင် အဲဒါကို ‘ခွဲခြားဆက်ဆံတယ်’ လို့ ခေါ်တယ်တဲ့ ...


ငါတို့နိုင်ငံမှာ မိန်းကလေးဖြစ်လို့၊ ယောက်ျားလေးဖြစ်လို့၊ လူမျိုး၊ကိုးကွယ်တဲ့ဘာသာ၊ ယဉ်ကျေးမှုတစ်ခုခုကြောင့် ဒါမှမဟုတ် ဆင်းရဲချမ်းသာလို့ဆိုပြီး လူတွေကို ခွဲခြားဆက်ဆံလို့ မရဘူးတဲ့။


ငါ့အမေနဲ့အဖေက ပိုက်ဆံအများကြီးမရှိဘူး။ ဒါပေမဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေက ငါတို့ကို အတူတူပဲ ဆက်ဆံခံရမယ်လို့ ပြောထားတယ်။ ငါကျောင်းတက်လို့ရတယ် ပြီးရင် အလုပ်ကောင်းကောင်းလည်း ရနိုင်တယ်။ ငါကြိုးစားလို့ရှိရင် သမ္မတတောင် ဖြစ်နိုင်သေးတယ်။


ဟုတ်တယ်ကလေးတို့... ဆရာမတို့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ‘နိုင်ငံသားတို့ရဲ့ အခြေခံအခွင့်အရေး’ ဆိုတာပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံအားလုံးနီးပါးမှာလည်း ပါကြတယ်ကွယ့်။
‘အခွင့်အရေး’ ဆိုတာ ဘာလဲဟင် ဆရာမ။
ကမ္ဘာပေါ်မှာရှိတဲ့လူတိုင်းမှာ ‘အခွင့်အရေး’ ဆိုတာ ရှိတယ်။ ဆရာမတို့အားလုံးဟာ လူဖြစ်တဲ့အတွက် အကျိုးခံစားရမယ့် အရာတွေရှိတယ်။ တစ်ခါတလေ အဲဒါကို လူတွေက ‘လူ့အခွင့်အရေး’ လို့ ခေါ်ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူသားတိုင်းမှာရှိလို့ပဲ။ ဥပမာအားဖြင့် ကလေးတွေ အားလုံးကျောင်းတက်နိုင်ရမယ်။ အဲဒါကို ပညာသင်ကြားခွင့်လို့ ခေါ်တယ် ...


ဆရာမတို့ ဖျားလို့ဆိုရင် ဆရာဝန်နဲ့ ပြနိုင်ရမယ်။ ဆေးသောက်ဖို့ လိုအပ်ရင် ဆေးတွေ ရရမယ်။ အဲဒါကို ကျန်းမာရေးအခွင့်အရေးလို့ ခေါ်တယ် ...
Media
သားအဖေက သတင်းထောက်လုပ်တာ။ အဖေ ပြောတာက ဒီနိုင်ငံမှာ မီဒီယာလွတ်လပ်ခွင့် ရှိတယ်တဲ့။ အဲဒါမှန်လား ... ဆရာမ။


အဲဒါမှန်တယ်ကွယ့် သားလေး... ဆရာမတို့နိုင်ငံမှာ မီဒီယာက အရေးကြီးတဲ့ အလုပ် လုပ်ရတယ်။ အစိုးရက ဘာတွေ လုပ်နေသလဲ ဆိုတာ မီဒီယာကတစ်ဆင့် ဆရာမတို့ သိရတယ်လေ။ လူတွေကို မေးခွန်းတွေမေးပြီး ဆရာမတို့အားလုံးကို ပြန်ပြောပြပေးတယ်လေ။
ဆရာမတို့နိုင်ငံမှာရှိတဲ့ လူတိုင်း ခံစားရမယ့် အခွင့်အရေးတွေကို ဖွဲ့စည်းပုံခြေခံဥပဒေမှာရှိတဲ့ နိုင်ငံသားများရဲ့ အခြေခံအခွင့်အရေးမှာ ဖော်ပြထားတယ်ကွယ့်။ သားတို့သမီးတို့အားလုံး အဲဒါကို မဖြစ်မနေ ဖတ်သင့်တယ်။
ဆရာမ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ သားတို့လိုချင်တာ အားလုံးကို တောင်းဖို့ အခွင့်အရေးရှိလား။


အရမ်းကောင်းတဲ့မေးခွန်းပဲသား။ သားစဉ်းစားကြည့်လေ။ ကျောင်းမှာဆိုရင်တောင် သားပြောချင်တာ အားလုံးကို ပြောလို့ မရဘူး။ ဆဲလို့ မရဘူး၊ တစ်ယောက်ကို တစ်ယောက် နာမည်ပြောင်ခေါ်လို့ မရဘူး။ စကားပြောချင်ရင် လက်ထောင်ရမယ်။ တစ်ခါတလေ ကိုယ့်ရဲ့ အခွင့်အရေးကို ဘယ်လို ကျင့်သုံးနိုင်တယ်ဆိုတဲ့ လမ်းညွှန်ပေးမယ့် စည်းမျဉ်းတွေလိုတယ်။ စကားပြောဆိုဖို့ အခွင့်အရေး အပါပေါ့ ...
တစ်ခါတလေတော့ အစိုးရက အခွင့်အရေးတွေကို ကန့်သတ်ဖို့ ကြိုးစားလေ့ရှိတယ်။ ဒါပေမဲ့လည်း အဲဒါက တရားမျှတမှုရှိ မရှိဆိုတာကို ဆုံးဖြတ်ပေးဖို့ တရားရုံးကို တောင်းဆိုနိုင်တယ်။ ဥပမာအားဖြင့် ဆရာမတို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေက အတူတကွ စုဝေးခွင့်နဲ့ ဆန္ဒထုတ်ဖော်ခွင့်ရှိတယ်လို့ ပြောထားတယ်။
ဖျက်သိမ်းပေး...
ချက်ခြင်းပေး
ဆရာမ သိတဲ့ကိစ္စတစ်ခုပြောပြရရင် အစိုးရက လေယာဉ်ကွင်းဆောက်ဖို့ ဆိုပြီး သစ်ပင်တွေ ခုတ်တာကို ရပ်ကွက်မှာ ရှိတဲ့လူတွေက ဆန့်ကျင်တဲ့ ဆန္ဒထုတ်ဖော်ပွဲတွေ လုပ်ချင်တယ်။ မြို့တော်ဝန်က ဆန္ဒဖော်ထုတ်တာကို တားဖို့ ကြိုးစားပေမယ့် ...
သစ်ပင်တွေကို ချစ်ပါ...


တရားရုံးက အဲဒီလို တားဆီးဖို့ကြိုးစားတာဟာ 'ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မကိုက်ညီဘူး' ဆိုပြီး အမိန့်ချလိုက်တယ်။ ဘာဖြစ်လို့လဲဆိုရင် အဲဒီလို သူတို့ရဲ့ လွတ်လပ်စွာ စုဝေးခွင့်ကို မတရား ကန့်သတ်တာကြောင့် ဖြစ်တယ်။
တစ်ခါတလေတော့ အကန့်အသတ်တွေကို ခွင့်ပြုထားတယ်။ သမီးဆိုဖီယာ ... ဆရာမတို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ သမ္မတဖြစ်နိုင်တဲ့သူရဲ့အသက်ကို ကန့်သတ်ထားတယ် ဆိုတာ သိလား။
ဟုတ်လားဆရာမ။


ဟုတ်တယ်ကွယ့် ...
နိုင်ငံအများစုမှာတော့ သမ္မတအဖြစ် ယှဉ်ပြိုင်နိုင်ဖို့
အသက် ၂၀ ဒါမှမဟုတ် ၂၅ နှစ် ပြည့်ဖို့ လိုတယ်။
တချို့နိုင်ငံမှာဆို သမ္မတဖြစ်ဖို့ ဒီထက် အသက်ကြီးဖို့ လိုတယ်။
ဒီနိုင်ငံမှာဆိုရင် အနည်းဆုံး အသက် ၄၅ နှစ် ပြည့်ဖို့ လိုတယ်။


ဘုရားရေ ...
ဟုတ်လား
ဆရာမ


အေးဟုတ်တယ် သမီးရေ ...
သမီးအတွက် အရမ်းကြာသေးတယ်လို့ ထင်မယ်ဆိုတာ ဆရာမသိပါတယ်။
ဒါပေမဲ့ ဒီအချိန်အတွင်းမှာ နိုင်ငံအတွက် အကျိုးရှိတဲ့ အလုပ်တွေမှာ ပါဝင်လို့ရသေးတယ်။
ဒါက သမီးကို ခေါင်းဆောင်ကောင်းဖြစ်ဖို့လည်း ကူညီပေးလိမ့်မယ်။ ရွေးကောက်ပွဲမှာ မပြိုင်ခင်
ရပ်ရွာလူထုနဲ့ ဆိုင်တဲ့ အလုပ်တွေမှာ ဘယ်လိုပါဝင်လို့ရတယ်ဆိုတာ သားတို့သမီးတို့ထဲက
တစ်ယောက်ယောက် စဉ်းစားလို့ရလား။


သမီးကတော့ ဒီနှစ်ကျောင်းသားကောင်စီအတွက် အရွေးခံချင်တယ်။
အဲဒီနည်းနဲ့ လူတွေက ဘာလိုချင်တယ်၊ ဘာကြောင့် လိုချင်တယ်ဆိုတာကို နားလည်ဖို့ လူတွေရဲ့
အသံကို ဘယ်လိုနားထောင်ရသလဲဆိုတာကို လေ့ကျင့်နိုင်မှာ ...
ပြီးတော့ ကျောင်းသားကောင်စီ အဖွဲ့ဝင်တွေနဲ့ ဘယ်လို အလုပ်လုပ်မလဲဆိုတာ၊
သမီးအရေးကြီးတယ်လို့ ထင်တဲ့ ကိစ္စတွေမှာ အလုပ်လုပ်ဖို့ သူတို့ကို ဘယ်လို
တိုက်တွန်းရမလဲ ဆိုတာတွေကို သင်ယူနိုင်မှာ။


သားအမေက ဒေသန္တရ အမျိုးသမီးအဖွဲ့မှာ ပါတယ်။ အမေတို့က တကယ်ကို အရေးကြီးတဲ့ အလုပ်တွေ လုပ်ကြတယ်။ သားတို့ရပ်ရွာမှာ အမျိုးသမီးတွေ ကြုံတွေ့နေရတဲ့ အခက်အခဲတွေကို နားလည်ဖို့အတွက် ဒေသန္တရအစိုးရအရာရှိတွေနဲ့ အလုပ်လုပ်တဲ့ ဟာမျိုးတွေပေါ့။
တချို့အမေတွေက အမျိုးသားတွေနဲ့ တန်းတူအလုပ်လုပ်ပေမယ့် အမျိုးသားတွေထက် လစာနည်းကြတယ်။ အမျိုးသမီးတွေ ထိုက်သင့်တဲ့ လုပ်ခလစာတွေ ရဖို့ အတွက် ကူညီပေးဖို့ အမေတို့က အစိုးရအရာရှိတွေကို တောင်းဆိုကြတယ် ...
အမေတို့က ဒေသက ရဲနဲ့ အရာရှိတွေနဲ့ ပူးပေါင်းပြီးတော့ ယောကျ်ား အနိုင်ကျင့်တာခံရတဲ့ မိန်းမတွေကို လည်း ကူညီတယ်။ မနှစ်တုန်းကဆို အမျိုးသမီးတွေကို ပိုကောင်းတဲ့ အကာအကွယ်ပေးနိုင်အောင် ဥပဒေတွေ ပြောင်းပေးဖို့ သားတို့ ဒေသရဲ့လွှတ်တော်အမတ်နဲ့ တွေ့ပြီး ပြောခဲ့ကြတယ်။


အဲဒါအရမ်းကို အရေးကြီးတဲ့ အလုပ်ပဲ
သား ...
သမီးအဖေကတော့ အင်ဂျင်နီယာလေ။ သမီးတို့ရဲ့ သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ဖို့ ကြိုးစားနေတဲ့ အဖွဲ့အစည်းတစ်ဖွဲ့မှာ လုပ်နေတာ။ သမီးတို့ ဒေသမှာ သစ်ပင်တွေ အများကြီး ခုတ်ကြတယ်။ အဖေက ဘယ်သစ်ပင်တွေကို ဘယ်လောက်ခုတ်လို့ ရတယ်ဆိုတဲ့ စည်းမျဉ်းတွေကို လိုက်နာအောင် သစ်ပင်ခုတ်တဲ့လူတွေနဲ့ အလုပ်လုပ်တယ်။ အဖေက သမီးတို့ ဒေသက တိရိစ္ဆာန်တွေကို ကာကွယ်ဖို့အတွက်လည်း လုပ်တယ်။


မိုက်တယ် ...
တိရိစ္ဆာန်လေးတွေကို ကာကွယ်ပေးနိုင်တာ
အရမ်းကောင်းတာပဲ။ သားရဲ့ အစ်ကိုက တက္ကသိုလ်မှာ တိရိစ္ဆာန်
ဆေးကုဆရာဝန်ဖြစ်ဖို့ အတွက် ကျောင်းတက်နေတယ်။ သူက
တိရိစ္ဆာန်တွေကို ကူညီရတာကို ကြိုက်တယ်။
သားအဖေက ရဲပါ။
ဒါကြောင့် သားလည်း ကြီးလာရင် ရဲတစ်ယောက် ဖြစ်ချင်တယ်။
ဒါပေမဲ့ ရဲက ရပ်ကွက်လူထုရဲ့ အဖွဲ့လား ဒါမှမဟုတ် အစိုးရရဲ့အဖွဲ့လား ဆရာမ။
စခန်းမှူး


အရမ်းကောင်းတဲ့ မေးခွန်းပဲ ဖွဲ ...
လူတွေအားလုံးဥပဒေကို လိုက်နာစေဖို့က ရဲတွေမှာ တာဝန်ရှိတယ်။
သူတို့က အစိုးရဝန်ထမ်းတွေပဲ။ ဒါပေမဲ့ သူတို့ရဲ့ အလုပ်က ရပ်ရွာ
လူထုနဲ့ ဆရာမတို့ရဲ့ လူ့အခွင့်အရေးကို ကာကွယ်ဖို့ ဖြစ်တယ်။


တခြားအစိုးရဝန်ထမ်းတွေလိုပဲ ရဲရော၊ ဆရာမတို့အားလုံးကပါ
ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားရမယ်၊ ပြီးတော့ ရဲက ဆရာမတို့
ရဲ့အခွင့်အရေးတွေကိုလည်း လေးစားရမယ်။ ဆိုလိုတာက လူတိုင်းလိုပဲ
သူတို့လည်း စည်းမျဉ်းတွေကို လိုက်နာဖို့ လိုတယ်။


အဲဒါတရားမျှတတာပဲ။
အရမ်းကောင်းတဲ့ အလုပ်ပဲ!
ဟုတ်တယ်ကွယ့်။
တစ်ယောက်ရဲ့အခွင့်အရေးကို တစ်ယောက်က လေးစားပြီး လုံခြုံတဲ့ဘဝတွေကို ရဖို့၊ တစ်ယောက်နဲ့ တစ်ယောက် လေးလေးစားစားနဲ့ တန်းတူဆက်ဆံကြဖို့ ဆရာမတို့အားလုံးမှာ တာဝန်တွေရှိတယ်။ သမီးဆိုဖီယာက ကြီးလာရင် ဆရာမတို့အတွက် ပိုကောင်းတဲ့ ဘဝတွေကို ရအောင် လုပ်ပေးချင်တယ်ဆိုတော့ ဆရာမက အရမ်းဝမ်းသာတယ်။ ဒါပေမဲ့ ဆရာမတို့အားလုံးလည်း ဘာပဲလုပ်လုပ် အဲဒီလိုလူတွေရဲ့ ဘဝတွေကို ပိုကောင်းအောင် လုပ်ပေးနိုင်မယ်လို့ မျှော်လင့်တယ်။
ကောင်းပြီ သားတို့ သမီးတို့။
ကဲ အိမ်ပြန်ကြစို့!
ဟုတ်ကဲ့ဆရာမ ...
ကဲ ... သားတို့ သမီးတို့ရေ မနက်ဖြန်ကျမှ အတန်းမှာ ပြန်တွေ့ကြမယ်နော်။
ပြီး၏

## International IDEA

ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေးနိုင်ငံတကာအဖွဲ့အစည်း (International IDEA) သည် ကမ္ဘာတစ်လွှားတွင် ရေရှည်တည်တံ့သော ဒီမိုကရေစီစနစ် ပေါ်ထွန်းရေးကို အထောက်အပံ့ပေးရန် ရည်မှန်းဆောင်ရွက်နေသည့် အစိုးရများအကြား ချိတ်ဆက်ဆောင်ရွက်နေသော အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ အလွှာအသီးသီးရှိ ဒီမိုကရက်တစ်နိုင်ငံရေး အင်စတီကျူးရှင်းများနှင့် ဖြစ်စဉ်များ တည်ဆောက်ရန်၊ အကာအကွယ်ရရှိရန်နှင့် အားကောင်းစေရန် ထောက်ပံ့ပေးလျှက်ရှိပါသည်။ International IDEA ၏မျှော်မှန်းချက်မှာ ဒီမိုကရေစီ ဖြစ်စဉ်များ၊ အင်အားစုများနှင့် အင်စတီကျူးရှင်းများသည် အားလုံးပါဝင်နိုင်ပြီး တာဝန်ခံယူမှုလည်းရှိကာ ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုဆောင်ကျဉ်းပေးနိုင်သည့် ကမ္ဘာတစ်ခုတည်ဆောက်ရန် ဖြစ်ပါသည်။

International IDEA သည် ရွေးကောက်ပွဲဆိုင်ရာ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ခြင်းဆိုင်ရာနှင့် နိုင်ငံရေးပါဝင်ခွင့်နှင့် ကိုယ်စားပြုခွင့်လုပ်ငန်းများကို အဓိက သုံးပိုင်းခွဲခြားလျက် ဆောင်ရွက်ပါသည်။ ကျား-မ အခန်းကဏ္ဍနှင့် လူတိုင်းအကျုံးဝင် ပါဝင်ခွင့်ရှိခြင်း၊ ပဋိပက္ခကို အလေးထား ဂရုပြုခြင်းနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးခြင်းအကြောင်းအရာများကို လုပ်ငန်းနယ်ပယ်အားလုံးတွင် ထည့်သွင်းလုပ်ဆောင်လျှက်ရှိပါသည်။ International IDEA သည် နိုင်ငံတကာ ဒီမိုကရက်တစ်အလေ့အကျင့်ကောင်းများကို နှိုင်းယှဉ်လေ့လာ၍ အသိပညာပေးခြင်း၊ ဒီမိုကရက်တစ်အင်အားစုများကို ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုစွမ်းရည်နှင့်နည်းပညာဆိုင်ရာ ထောက်ပံ့ပေးခြင်း၊ ဒီမိုကရေစီနှင့် ဒီမိုကရေစီတည်ဆောက်ခြင်းဆိုင်ရာ အကြောင်းအရာများတွင် လူအများသိရှိနားလည် ဆွေးနွေးနိုင်မည့် အခင်းအကျင်း ပြင်ဆင်ပေးခြင်း စသည်တို့ကို ဖြည့်ဆည်းပေးလျှက် ရှိပါသည်။

International IDEA သည် စတော့ဟုမ်းမြို့တွင် ရုံးစိုက်ပြီး အာဖရိက၊ အာရှ-ပစိဖိတ်၊ လက်တင်အမေရိကနှင့် ကာရေဘီယံဒေသများတွင် ရုံးများဖွင့်လှစ်ထားရှိပါသည်။ International IDEA သည် ကုလသမဂ္ဂတွင် အမြဲတမ်း လေ့လာသူနှင့် Eurepean Union ၏ အသိအမှတ်ပြု အဖွဲ့အစည်းလည်း ဖြစ်ပါသည်။

<http://idea.int>

## MyConstitution

MyConstitution စီမံကိန်းသည် မြန်မာနိုင်ငံရှိ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး၏ အဓိကအစိတ်အပိုင်းတစ်ရပ်အဖြစ် ပြည်တွင်း၌ အသိပညာပြည့်ဝသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ယဉ်ကျေးမှုတစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်လာရေးကို ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံရှိ အကျိုးစီးပွားပတ်သက်ဆက်နွယ်သူများ၏တောင်းဆိုချက်များကို အခြေခံကာ အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းများတွင် ပါဝင်သူများအတွက် ကျွမ်းကျင်ပညာရှင်မှ အကြံပေးဝန်ဆောင်မှုများကိုလည်း ပေးအပ်ပါသည်။ MyConstitution စီမံကိန်းသည် မြန်မာနိုင်ငံ၏ သမိုင်းကြောင်းနှင့် နှိုင်းယှဉ်လေ့လာချက်များမှ ရရှိသည့် အတွေ့အကြုံများကို အခြေခံကာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဆက်စပ်သည့် ကိစ္စရပ်ပြဿနာများကို လေ့လာခြင်းနှင့် ဆွေးနွေးပွဲစကားဝိုင်းများ ပြုလုပ်ခြင်း စသည့် အခွင့်အလမ်းများကိုလည်း ပံ့ပိုးပေးပါသည်။

MyConstitution စီမံကိန်းကို ဖင်လန်နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူဇင်ဘာ့ခ်အစိုးရ၊ နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန နှင့် ဆွီဒင်အစိုးရတို့မှ ပံ့ပိုးကူညီသည်။



## ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်းဆွေးနွေးကြစို့

“ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်းဆွေးနွေးကြစို့” စာအုပ်ငယ်ကို လူငယ်ပရိတ်သတ်များနှင့် ကျွမ်းကျင်ပညာရှင်မဟုတ်သော စာဖတ်သူများအနေဖြင့် နားလည်ရန်ခက်ခဲလှသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ သဘောတရားများကို ပေါ့ပေါ့ပါးပါးနှင့် စိတ်ဝင်စားဖွယ်ရာကောင်းသော နည်းလမ်းဖြင့် ဖတ်ရှုလေ့လာနိုင်စေရန်တင်ပြထားပါသည်။ လူငယ်များအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကိစ္စရပ်များကို နားလည်စေရန်နှင့် ထိုမှတဆင့် မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးလုပ်ငန်းများတွင် လူငယ်များပြည့်ပြည့်ဝဝအဓိပ္ပါယ်ရှိရှိ ပါဝင်မှုကိုဖော်ဆောင်ရန်ရည်ရွယ်ကာ International IDEA ၏ MyConstitution Programme မှ ဤကာတွန်းစာအုပ်အား ရေးသားပြုစုခဲ့ခြင်း ဖြစ်ပါသည်။ “ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာဘာလဲ၊ ဘာကြောင့် အရေးကြီးတာလဲ” အစရှိသည့် အဓိကကျသော မေးခွန်းများ၏ အဖြေများကို ရှင်းလင်းတင်ပြနိုင်ရန် ကြွကြွရွရွရုပ်ပုံများ၊ လက်တွေ့ပတ်ဝန်းကျင်နှင့် ဆက်စပ်နိုင်သော ဇာတ်ကောင်များနှင့် နားလည်ရလွယ်ကူသောစကားလုံးများအသုံးပြုကာ ဤ “ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်းဆွေးနွေးကြစို့” ကာတွန်းစာအုပ်ကို သရုပ်ဖော်ထားပါသည်။ ဤကာတွန်းစာအုပ်သည် လူငယ်၊ လူကြီးမကျန် စိတ်ဝင်တစားဖတ်ရှုနိုင်သော အသိပညာပေးစာအုပ်ဖြစ်သည့်အားလျော်စွာ လူငယ်ပညာရေးစင်တာများ၏ သင်ရိုးညွှန်းတမ်းများတွင်သာမက ပြည်သူ့နီတိပညာရပ်များပို့ချပေးနေသော အစိုးရမဟုတ်သောအဖွဲ့အစည်းများမှလည်း အသုံးပြုနိုင်ပါသည်။ မြန်မာနိုင်ငံ၏စာဖတ်ပရိသတ်များအတွက် ရည်ရွယ်ရေးသားထားသည့်အတွက် ကာတွန်းဇာတ်ကောင်များ၊ ဆွေးနွေးသည့် အကြောင်းအရာများကို မြန်မာနိုင်ငံအခြေအနေနှင့် လိုက်လျောညီထွေမှုရှိအောင် ပြင်ဆင်ရေးသားထားပါသည်။ မြန်မာနိုင်ငံအတွက် ပြင်ဆင်ရေးသားထားခြင်းဖြစ်သော်လည်း ဤကာတွန်းစာအုပ်တွင် ပါဝင်သော အကြောင်းအရာများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပတ်သက်၍ သင်ကြားမှု၊ သင်ယူမှုများကို စိတ်ပါဝင်စားသော ကမ္ဘာ့အရပ်ရပ်မှ စာဖတ်သူများအတွက်လည်း သင့်လျော်ပါသည်။

MyConstitution အစီအစဉ်သည် မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ခြင်းလုပ်ငန်းများတွင် မိတ်ဖက်အဖွဲ့အစည်းများ ကျွမ်းကျင်စွာဆောင်ရွက်နိုင်မှုကို အားကောင်းစေခြင်း၊ သင့်လျော်သော အသိပညာ၊ အချိတ်အဆက်များကို လွယ်လင့်တကူ ရရှိစေခြင်းဖြင့် ပြည်တွင်းမှဖော်ဆောင်သော၊ အသိပညာကွယ်ဝသော၊ အားလုံးပါဝင်သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ယဉ်ကျေးမှုတစ်ရပ်ကို ဖော်ဆောင်ရာတွင် ကူညီထောက်ပံ့ပေးပါသည်။ ဤအစီအစဉ်ကို ဖင်လန်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာန၊ လူဇင်ဘာ့ခ်နိုင်ငံအစိုးရ၊ နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဆွီဒင်နိုင်ငံအစိုးရတို့မှ ကူညီထောက်ပံ့ထားပါသည်။

Norwegian Embassy

LUXEMBOURG AID & DEVELOPMENT

Ministry for Foreign Affairs of Finland

Sweden Sverige